## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
## တိုကျိုမြို့

**Daiozu Memorial Foundation ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း**
**အသိပေးအကြောင်းကြားခြင်း**

၁။ Daiozu Memorial Foundation မှ ၂၀၂၄ ခုနှစ်အတွက် ပေးအပ်မည့် ပညာသင်ဆုအား လျှောက်ထားနိုင်ကြောင်း မြန်မာသံရုံးသို့ အသိပေး အကြောင်းကြားလာပါသည်။

၂။ အဆိုပါ အကြောင်းကြားစာတွင် ဂျပန်နိုင်ငံ၏ Tokyo၊ Chiba၊ Saitama၊ Kanagawa၊ Ibaraki၊ Tochigi နှင့် Gunma စီရင်စုများရှိ တက္ကသိုလ်များမှ ဘွဲ့ရကျောင်းသားများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့တက်ရောက်ရန် စာရင်းပေးသွင်းထားသူများ၊ တစ်နှစ်လျှင် မိသားစုဝင်ငွေ-ယန်း (၆,၀၀၀,၀၀၀)အောက်ရှိသူများ၊ ၂၀၂၃ခုနှစ်၊ ဧပြီလတွင် ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်စာရင်း သွင်းထားသည့် နိုင်ငံတကာကျောင်းသားများအား Daiozu Memorial Foundation ပညာသင်ဆု ပေးအပ်ရန် ရည်ရွယ်ပါကြောင်းနှင့် ထောက်ပံ့ကြေး လျှောက်ထားနိုင်ကြောင်း ဖော်ပြထားပါသည်။

၃။ အဆိုပါ Daiozu Memorial Foundation ပညာသင်ဆု ချီးမြှင့်ရန်အတွက် နိုင်ငံတကာ ကျောင်းသား(၂၅)ဦး ရွေးချယ်သွားမည်ဖြစ်ပြီး၊ ထောက်ပံ့ကြေးအား တစ်နှစ်ကို နှစ်ကြိမ် ပေးအပ်မည်ဖြစ်ပါကြောင်း၊ တစ်နှစ်လျှင် ယန်း ၃၆၀,၀၀၀/-(တစ်လလျှင် ယန်း ၃၀,၀၀၀)ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ၁-၃-၂၀၂၄ရက်နေ့မှ ၂၀-၅-၂၀၂၄ရက်နေ့ နောက်ဆုံးထား၍ http://www.daiohs-zaidan.or.jpသို့ ဝင်ရောက်လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များအား သိရှိလိုပါက info@daiohs-zaidan.or.jpသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 013 TOKYO

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်